**ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

# ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး၊ ဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းမှ (၃၂)နှစ်မြောက်"ကရင့် အမျိုးသား ရဲတပ်ဖွဲ့နေ့" သို့ ပေးပို့သော သဝဏ်လွှာ

ယနေ့ ၂၀၂၃ ခုနှစ် စက်တင်ဘာလ(၉)ရက်နေ့သည် **"ကရင့်အမျိုးသားရဲတပ်ဖွဲ့"** အား ဖွဲ့စည်း တည်ထောင်ခြင်း (၃၂)နှစ်မြောက် အခါသမယနေ့ ဖြစ်ပါသည်။ ယနေ့(၃၂)နှစ်မြောက် **"ကရင့်အမျိုးသား ရဲ တပ်ဖွဲ့"** နေ့တွင် "ကရင့်အမျိုးသားရဲတပ်ဖွဲ့"မှ တပ်ဖွဲ့ဝင်များ၊ ခေါင်းဆောင်များအပြင် မျိုးချစ်စစ်သည်တော်များနှင့် တော်လှန်ရေး အဖွဲ့ဝင်အားလုံးကို ကာယခွန်အားအပြင် အမျိုးသားရေး စိတ်ဓာတ်များ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

လက်နက်ကိုင် ခုခံတော်လှန်ရေးကို စတင်ခဲ့သည့် အချိန်မှစ၍ ကရင့်အမျိုးသားများသည် မိမိတို့၏ လွတ်မြောက်နယ်မြေများကို မိမိတို့ အစည်းအရုံးကြီး၏ ဖွဲ့စည်းတည်ဆောက်ပုံအတိုင်း အုပ်ချုပ်ပြီး စီမံခန့်ခွဲ ခဲ့ကြပါသည်။ သို့ရာတွင်၊ အချုပ်အခြာအာဏာရှိသည့် အစိုးရ တရပ်အတိုင်း အုပ်ချုပ်ရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူလူထုအား အကာအကွယ်ပေးရေး လုပ်ငန်းများတွင် အားနည်းချက်များ ရှိခဲ့ပါသည်။ ထိုခေတ်ထိုအခါက ခေါင်းဆောင်ကြီးများသည် လက်နက်ကိုင်တော်လှန်ရေး ကာလအတွင်းတွင် အချုပ်အခြာအာဏာရှိသော နိုင်ငံတနိုင်ငံကဲ့သို့ အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးလုပ်ငန်းများသည် လက်နက်ကိုင်တော်လှန်ရေးအတွက် ဝန်ထုတ်ဝန်ပိုးသာ ဖြစ်ပြီး လက်နက်ကိုင်တော်လှန်ရေး လျှင်မြန်စွာ အောင်မြင်နိုင်ရေးတွင် အတားအဆီး ဖြစ်နိုင်သည်ဟု ယူဆချက်များ ရှိနေခဲ့ပါသည်။

ထို့ကြောင့် ကရင့်အမျိုးသား လက်နက်ကိုင် ခုခံတော်လှန်ရေးကို စတင်ခဲ့သည့် အချိန်မှစ၍ **ကရင့်အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့** ကပင် ကရင့်အမျိုးသား ရဲတပ်ဖွဲ့ ၏ တာဝန် ဝတ္တရားများကို အချိန်အတိုင်းအတာ တခုအထိ ပူးတွဲ တာဝန်ယူခဲ့ရပါသည်။ သို့ရာတွင်၊ ၁၉၉၁ ခုနှစ်၌ ကျင်းပသော ဗဟိုအမြဲတမ်းကော်မတီ အစည်းအဝေးက မိမိတို့၏ တော်လှန်ရေးအား အစိုးရ တရပ်ကဲ့သို့ ဖွဲ့စည်းတည်ဆောက်မှုများ လုပ်ဆောင်မည်ဟု ဆုံးဖြတ်ချက် သဘောထားများ ရှိခဲ့သည့်အတိုင်း မိမိတို့ တော်လှန်ရေး နယ်မြေများ၏ အခြေအနေနှင့် လိုအပ်ချက်များအရ စက်တင်ဘာလ (၉)ရက်နေ့တွင် **"ကရင့်အမျိုးသား ရဲတပ်ဖွဲ့"** အား လုပ်ငန်းလမ်းစဉ်များနှင့်အညီ ဗဟို၊ ခရိုင်နှင့် မြို့နယ် အဆင့်ဆင့်တို့တွင် ဖွဲ့စည်းတည်ဆောက်ခဲ့ကြပါသည်။

ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး အနေဖြင့် **"ကရင့်အမျိုးသား ရဲတပ်ဖွဲ့"** အား ဖွဲ့စည်းတည်ဆောက်ခြင်းသည် **"ကရင့်အမျိုးသား ရဲတပ်ဖွဲ့"** မှ ပြည်သူလူထု၏ လုံခြုံရေးနှင့် ဘဝအေးချမ်းရေး အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအား အန္တရာယ်ပြု ဖျက်ဆီးလာမည့် လူဆိုးသူခိုးများ၏ ဘေးမှ ကာကွယ်စောင့်ရှောက်

ခြင်းအားဖြင့် မိမိတို့၏ ကရင်ပြည်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ လုပ်ငန်းများ ပိုမို အားကောင်းလာစေရေး အပြင် တရားဥပဒေအား ချိုးဖောက်မှုများ ဖြစ်ပေါ်လာပါက တရားဥပဒေအတိုင်း ကိုင်တွယ် ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။

ထို ရည်မှန်းချက်များနှင့်အညီ **"ကရင့်အမျိုးသား ရဲတပ်ဖွဲ့"**ဝင်များ၊ ကေအဲန်ယူ-ကရင့် အမျိုးသား အစည်း အရုံးဝင်များနှင့် တော်လှန်ရေးတွင် တာဝန်ရှိနေကြသည့် အဖွဲ့ဝင်အားလုံးသည် မိမိတို့ အစည်းအရုံးကြီး၏ နိုင်ငံရေး ဦးဆောင်မှုကို လက်ခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကရင့်အမျိုးသားတော်လှန်ရေး၏ နိုင်ငံရေး ရည်မှန်းချက်များနှင့် ကရင့်အမျိုးသားများနှင့် ပြည်သူလူထု၏ အကျိုးစီးပွါးအတွက် ဆောင်ရွက်ရပါမည်။

မိမိတို့ နိုင်ငံ(မြန်မာနိုင်ငံ)၏ နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းပုံတည်ဆောက်မှု ယန္တရားများအား ပြုပြင်ပြောင်းလဲ ရေးအတွက် ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံးသည် နိုင်ငံရေးအပြင် စစ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ် လျှက်ရှိပြီး၊ လွတ်မြောက်နယ်မြေများနှင့် မိမိတို့ ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး၏ အုပ်ချုပ်မှု နယ်မြေ အတွင်းရှိ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများကိုလည်း အကောင်အထည်ဖော်ဆောင်သွားရမည် ဖြစ်ပါသည်။ ဤ ကဏ္ဍကြီး (၂)ရပ်စလုံးအား တချိန်တည်း တပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရပါမည်။ မိမိတို့ နိုင်ငံ၏ အခြေ အနေနှင့် ကိုက်ညီပြီး သက်ဆိုင်ရာ လူမျိုးများ၏ လိုအပ်ချက်များနှင့်အညီ မိမိတို့ နိုင်ငံ(မြန်မာနိုင်ငံ)အား ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ၏ ဖွဲ့စည်းပုံတည်ဆောက်မှုနှင့်အညီ ပြုပြင်ပြောင်းလဲ နိုင်ရေးအတွက် ယခုလက်ရှိ အချိန်ကာလတွင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများအပြင် လူမျိုးကြီးဝါဒီ စစ်အာဏာရှင် အုပ်စုကို တွန်းလှန်နေကြသည့် အစုအဖွဲ့များနှင့် နိုင်ငံရေးအပြင် စစ်ရေးဆိုင်ရာ နည်းလမ်းများဖြင့်လည်း ညှိနှိုင်းဆောင်ရွက်နေပါသည်။ မိမိတို့၏ အုပ်ချုပ်မှု နယ်မြေ အတွင်းရှိ ကရင့်အမျိုးသားများနှင့် ပြည်သူလူထုအား အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်း များ စနစ်တကျ ရှိစေရေးအတွက် လုံခြုံရေးဆိုင်ရာ ပံ့ပိုးမှုများအပြင် လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ လိုအပ်ချက်များကိုလည်း ကဏ္ဍအသီးသီးတွင် ချမှတ် အကောင်အထည်ဖော်ဆောင်ရပါမည်။ ဤကဲ့သို့ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့၏ ဩဇာအာဏာနှင့် ဖက်ဒရယ် ပြည်ထောင်စုကြီးအား ပြည်နယ် များ၏ လုပ်ပိုင်ခွင့်အာဏာများကို အောက်ခြေမှတဆင့် အထက်သို့ တဆင့်ချင်းစီ တည်ဆောက်သည့် လုပ်ငန်းများ ထဲမှ လုပ်ငန်းစဉ် တခု ဖြစ်ပါသည်။

**"ကရင့်အမျိုးသား ရဲတပ်ဖွဲ့"**အား ဖွဲ့စည်းတည်ဆောက်ခြင်းသည် မိမိကိုယ်မိမိ စီမံအုပ်ချုပ်သည့် လူမျိုးတမျိုး ဖြစ်သည့်အပြင် ထိုကဲ့သို့ စီမံအုပ်ချုပ်ခြင်းသည် မိမိတို့ ကရင့်အမျိုးသားများ အပြင် မိမိတို့၏ အုပ်ချုပ်မှု နယ်မြေ အတွင်းရှိ အခြားသော လူမျိုးများ၏ လိုအပ်ချက်များနှင့်လည်း ကိုက်ညီလျှက်ရှိပြီး အကျိုးရှိသည့် စီမံ အုပ်ချုပ်မှု များလည်း ဖြစ်ပါသည်။ တော်လှန်ရေး ကာလအတွင်း၌ပင်လျှင် မိမိတို့၏ နိုင်ငံရေးဆိုင်ရာ အခြေခံမူ ဖြစ်သည့် **"ကိုယ့်ကြမ္မာ ကိုယ်ဖန်းတီးပိုင်ခွင့်"**ကို အခိုင်အမာ ကိုင်စွဲပြီး ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများ၊ အမျိုးသား လုံခြုံရေးနှင့် ကဏ္ဍ ပေါင်းစုံမှ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်ရပါမည်။ ထို့အပြင်၊ တာဝန်ရှိသူများ အနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် နိုင်ငံရေးနှင့် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များနှင့် အသိပညာများအား လေ့လာ ဆည်းပူးကြပြီး ပြည်သူ့ရေးရာ စီမံချန့်ခွဲမှု အတတ်ပညာများဖြင့် မိမိတို့၏ ကံကြမ္မာကို အဆင့်မြင့်မြင့် တည်ဆောက် နိုင်ကြ ပါစေကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗဟို**
**ကေအဲန်ယူ-ကရင့်အမျိုးသားအစည်းအရုံး**
**ဗဟို**